ISP ကပြင်ရပ်ဝန်း

ISP EXPLAINER

China Studies

အမှတ်-၂ ၊ မေ ၂၄ ရက်၊ ၂၀၂၃ ခုနှစ်

# မြန်မာ့အရေး မူဝါဒအထိုင်သစ်နှင့် အပြိုင်

## ကုန်သွယ်ရေးလမ်းကြောင်းနှင့် စီးပွားရေးအစီအမံများ ပီပြင်အောင် တရုတ်နိုင်ငံ ကြိုးပမ်းလာ

မြန်မာ-တရုတ် ဆက်ဆံရေးနဲ့ပတ်သက်ပြီး နှစ်လတာအတွင်းဖြစ်ခဲ့တဲ့ အာရုံစိုက်စရာဖြစ်ရပ်တွေကို အခုဆောင်းပါးက ဖော်ပြမှာဖြစ်ပါတယ်။ တင်ပြသွားမယ့် အကြောင်းအရာနဲ့ အချက်အလက်တွေဟာ ISP-Myanmar က စုစည်းထားတဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စဉ်မှတ်တမ်းကို အခြေခံထားတာဖြစ်ပြီး မတ်လကနေ မေလအထိ အကျုံးဝင်ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးနဲ့ပတ်သက်လို့ မူဝါဒပိုင်းကို **အထိုင်သစ်ပြန်ချပြီး အိမ်နီးချင်းသံတမန်ရေး** (Neighborhood Diplomacy) **ကို ရှေ့တန်းတင်လာပါတယ်။** တချိန်တည်းမှာပဲ အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (International Land-Sea Trade Corridor-ILSTC) တည်ဆောက်ဖို့ပြင်ဆင်နေပါတယ်။ အဲဒါကိုအခြေပြုတဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအမံတွေ လုပ်ဆောင်ဖို့လည်း တရုတ်ဒေသန္တရ အာဏာပိုင်တွေက မြန်မာဘက်ကို တွန်းအားပေးနေပါတယ်။ တခါ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့နဲ့ ထိစပ်နေတဲ့ မြန်မာနိုင်ငံနယ်စပ်တကြောမှာ နိုင်ငံဖြတ်ကျော်မှုခင်းတွေ ခေါင်းထောင်နေတာကို နှိမ်နင်းရာမှာ တရုတ်၊ ထိုင်းနဲ့ မြန်မာ သုံးနိုင်ငံစစ်ဆင်ရေးဆောင်ရွက်ပြီး ကိုင်တွယ်ဖို့ တရုတ်အစိုးရက ဆော်ဩနေပါတယ်။

# အကြောင်းအရာ ၇၀ အနှစ်ချုပ်

ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ **၂၀၂၃ ခုနှစ် မတ် ၁၇ ရက်ကနေ မေ ၁၇ ရက်အတွင်း** အကြောင်းအရာ အခု ၇၀ ရှိတာကို တွေ့ရပါတယ် **(ဇယား-၁ ကို ရှုပါ)**။ ဒီအကြောင်းအရာတွေထဲမှာ နိုင်ငံရေးဘောဂဗေဒ၊ သံတမန်ရေး၊ ပထဝီနိုင်ငံရေး၊ လူမှုရေးနဲ့ လူ့အခွင့်အရေးကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပါတယ်။ ဒါတွေထဲကမှ **အာရုံစိုက်စရာ ဖြစ်ရပ်ငါးခု**ကို လိုရင်းတိုရှင်းဖော်ပြပါမယ်။

ဇယား-၁

မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက်
(၂၀၂၃ ခုနှစ် မတ် ၁၇ ရက် - မေ ၁၇ ရက်)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁။ | ပထဝီနိုင်ငံရေး | ၁၀ ခု |
| ၂။ | နိုင်ငံရေးဘောဂဗေဒ | ၂၃ ခု |
| ၃။ | သံတမန်ရေး | ၁၆ ခု |
| ၄။ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၃ ခု |
| ၅။ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၁ ခု |
| ၆။ | အပျော့ဆွဲအာဏာသြဇာ (Soft Power) | ၃ ခု |
| ၇။ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | - |
| ၈။ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၁၀ ခု |
| ၉။ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၄ ခု |
| | စုစုပေါင်း | ၇၀ ခု |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း

SCAN THIS CODE

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ-တရုတ်ဆက်ဆံရေးကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန် ISP-Myanmar က စုဆောင်းထားသော ရက်စွဲမှတ်တမ်း ➤

## ၁။ မစ္စတာချင်ကန်းခရီးစဉ်အလွန် ပေါ်ပေါက်လာသည့် ဆန္ဒပြမှုများ

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းရဲ့ နေပြည်တော်ခရီးစဉ်အပြီး မြန်မာနိုင်ငံ အနှံ့အပြားမှာ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ တဖန် ပေါ်ပေါက်လာပါတယ်။ အထူးသဖြင့် တရုတ်ကြေးနီစီမံကိန်းတည်ရှိရာ စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မုံရွာမြို့နဲ့ ရန်ကုန်တိုင်းတို့မှာ ဒေသခံ သပိတ်အင်အားစုတွေ ဦးဆောင်ပြုလုပ်တဲ့ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ဖြစ်လာပါတယ်။ ဒါဟာ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကာလ အစောပိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့တဲ့ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ နောက်ပိုင်း ပြန်လည်အားကောင်းလာတာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ မကွေးတိုင်း၊ မြိုင်မြို့နယ်က ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေလည်း အခု တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေမှာ ပါဝင်လာသလို ဆိုရှယ်မီဒီယာစာမျက်နှာတွေမှာလည်း ဩဇာရှိလူပုဂ္ဂိုလ်တွေရဲ့ တရုတ်မုန်းတီးရေး သဘောထားမှတ်ချက်တွေ၊ လူထုရဲ့ ရေးသားပြောဆိုမှုတွေ အများအပြား ရှိလာပါတယ်။ မစ္စတာချင်ကန်းပြန်သွားပြီး ငါးရက်အကြာမှာပဲ မန္တလေးတိုင်း နွားထိုးကြီးမြို့နယ်အတွင်းက တရုတ်ဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်ရေးရုံးကို ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့တခုက လက်နက်ကြီးနဲ့ တိုက်ခိုက်ခဲ့ပါသေးတယ်။

မစ္စတာချင်ကန်းရဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ တည်ငြိမ်မှုရရှိဖို့ တရုတ်နိုင်ငံရဲ့ကြိုးပမ်းမှုကို အသိအမှတ်ပြုပေမဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် တိုင်းရင်းသားအင်အားစုတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့နဲ့ ပြည်သူ့ဆန္ဒနဲ့အညီလုပ်ဆောင်ဖို့ NUG သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇောက မေ ၃ ရက်မှာပဲ တရုတ်နိုင်ငံကို တိုက်တွန်းခဲ့ပါတယ်။ ဒ့ါအပြင် ‘နွေဦးတော်လှန်ရေး’ ဆင်နွှဲနေတဲ့ မြန်မာပြည်သူတွေရဲ့ဆန္ဒအမှန်အတိုင်း လေးစားလိုက်နာဖို့နဲ့ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့ တရားဝင် မြန်မာအစိုးရနဲ့သာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တည်ဆောက်ဖို့ အထွေထွေသပိတ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (GSCC) က တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီကို မေ ၁၃ ရက်မှာ အိတ်ဖွင့်ပေးစာတစောင် ပေးပို့တောင်းဆိုခဲ့ပါတယ်။ မစ္စတာချင်ကန်း ခရီးစဉ်အလွန် တရုတ်ဆန့်ကျင်မှုတွေ ပြန်လည်ကြီးထွားလာနေပေမဲ့ မေ ၁၄ ရက်ကတိုက်ခတ်ခဲ့တဲ့ မိုခါ (Mocha) ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မြန်မာနိုင်ငံပြည်သူတွေအတွက် အရေးပေါ်ကယ်ဆယ်ရေးအကူအညီတွေကို ပေးအပ်သွားမယ်လို့ တရုတ် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) က မေ ၁၅ ရက်မှာ ပြောလိုက်ပါတယ်။ ကျောက်ဖြူ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို အကောင်အထည်ဖော်နေတဲ့ Power China ကုမ္ပဏီကလည်း ငွေကြေးနဲ့ အခြေခံစားသောက်ကုန်တွေ လှူဒါန်းခဲ့ပါတယ်။

## ၂။ ကုန်သွယ်ရေးစင်္ကြံနှင့် စီးပွားရေးအစီအမံများ ချိတ်ဆက်ရေး တရုတ်ပြည်နယ်သုံးခု ကြိုးပမ်း

အပြည်ပြည်ဆိုင်ရာ ကုန်းလမ်း-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ် (International Land-Sea Trade Corridor-ILSTC) ဖော်ဆောင်ဖို့ တရုတ်နိုင်ငံဘက်က အလိုရှိနေပါတယ်။ ရှမ်းနဲ့ ကချင်ပြည်နယ်တွေမှာ နယ်စပ်ဖြတ်ကျော်လမ်းကြောင်းတွေ ဖော်ဆောင်ရေးနဲ့ အခြေခံအဆောက်အအုံတွေ အဆင့်မြှင့်တင်ရေးအတွက် တရုတ် ဒေသန္တရအာဏာပိုင်တွေက ကြိုးပမ်းလာပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့နဲ့ ယူနန်ပြည်နယ် လင်ချန်းမြို့အကြား ရထားလမ်းဖောက်ဖို့၊ နယ်စပ် ကုန်သွယ်မှုနဲ့ နယ်စပ်ဒေသစီမံခန့်ခွဲမှုတွေ မြှင့်တင်ဖို့အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွေကို လုပ်ဆောင်ချင်တာဖြစ်ပါတယ်။ အဲဒီစီမံကိန်းတွေအတွက် လင်ချန်းမြို့တော်ဝန် မစ္စတာတုကျန်းဟွေ (Mr. Du Jianhui) နဲ့ စစ်ကောင်စီ နိုင်ငံခြား ရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးတို့ မတ် ၂၁ ရက်က နေပြည်တော်မှာ ဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာ ကုန်သွယ်ရေးလမ်း ကြောင်းသစ်ကနေ မြန်မာနိုင်ငံကို ကုန်စည်တွေ ဖြတ်သန်းကုန်သွယ်နိုင်ဖို့ မြန်မာ-တရုတ် နှစ်နိုင်ငံအကြားမှာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ရေးထိုးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကုန်သွယ်မှုတွေကို ချောမွေ့စေမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း စစ်ကောင်စီ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ ဆွေးနွေးခဲ့ပြီး လင်ချန်းမြို့မှာ လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ တရုတ်နွယ်ဖွားလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ခဲ့ပါတယ်။

ILSTC ကုန်သွယ်ရေးစင်္ကြံသစ်ဖြတ်သန်းမယ့် ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံ အနောက်ပိုင်းပြည်နယ်တွေနဲ့ မြန်မာနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဖို့ တရုတ်နိုင်ငံဘက်က အရှိန်မြှင့်လာပါတယ်။ ကုန်သွယ်ရေး၊ သတ္တုတွင်းလုပ်ငန်း နဲ့ နည်းပညာလုပ်ငန်းတွေရဲ့ ဈေးကွက်နဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ် စတဲ့ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဲဒီအတွက် ကွမ်ရှီး (ကွမ်ရှီ)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူကျိုးမြို့က နိုင်ငံခြားရေးရုံးဒုတိယညွှန်ကြားရေးမှူး ဦးဆောင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ နန်နင်းမြို့မှာရှိတဲ့ စစ်ကောင်စီ ကောင်စစ်ဝန် ချုပ်နဲ့ မတ် ၁၆ ရက်မှာ လာရောက်ဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် တရုတ်-အာဆီယံ စီးပွား ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး အထွေထွေအတွင်းရေးမှူးချုပ်ရုံး ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာတိန့်ယွမ်လွန်း (Mr. Ding Yuanlong) ကလည်း နန်နင်းမြို့ စစ်ကောင်စီ ကောင်စစ်ဝန်ချုပ်ထံ မေ ၈ ရက်က လာရောက်တွေ့ဆုံခဲ့ပြီး ကွမ်ရှီး(ကွမ်ရှီ) ▸

SCAN THIS CODE

**အထိုင်သစ်ပြန်ချလာသော တရုတ်၏ မြန်မာ့အရေးမူဝါဒ**

တရုတ်လမ်းထွင်သည့် နိုင်ငံရေးထွက်ပေါက်ကို စစ်ကောင်စီ အလိုက်သင့်လက်ခံမည်လော

SCAN THIS CODE

**တရုတ်နိုင်ငံ၏ မဟာအဖွင့်အလွန်**

နယ်စပ်လုံခြုံရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပေါ် အာရုံစိုက်လာ

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ မြန်မာနိုင်ငံအကြား လယ်ယာထွက်ကုန်နဲ့ ရေထွက်ကုန်တွေ တိုးမြှင့်တင်ပို့ရေး၊ တရုတ်-မြန်မာ တီထွင်ဆန်းသစ်မှုသရုပ်ပြဉယျာဉ် (China-Myanmar Innovation Demonstration Park) ထူထောင်ရေးနဲ့ အကြိမ် ၂၀ မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပရေးတွေအတွက် ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ပါသေးတယ်။ ILSTC ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ကွမ်ရှီး(ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ တောင်တရုတ်ပင်လယ် ဘေ့ဘူးပင်လယ်ကွေ့ ဆိပ်ကမ်းကနေ ရန်ကုန်ဆိပ်ကမ်းကို တိုက်ရိုက်ချိတ်ဆက်တဲ့ ပင်လယ်ရေကြောင်းလမ်းကို တရုတ်ဘက်က ပြီးခဲ့တဲ့နှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ **(တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလမ်းသစ်သုံးသွယ်ကို ISP Mapping အမှတ်-၁၀ မှာ ရှုပါ)။** ဒ့ါအပြင် ချုံချင့်-ရန်ကုန် တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲရေး၊ လျှပ်စစ်သုံးယာဉ် (New-energy Vehicles-NEVs) ရင်းနှီးမြှုပ်နှံရေး၊ စက်မှုလယ်ယာပစ္စည်း ထုတ်လုပ်တင်ပို့ရေးနဲ့ ကျန်းမာရေး စတဲ့ ကဏ္ဍလေးရပ်မှာ ပူးပေါင်းဖို့လည်း စီချွမ်ပြည်နယ် ချုံချင့်မြို့ပီရှန်းဒေသ အာဏာပိုင်က စစ်ကောင်စီ၊ စက်မှုကုန်သည်အသင်းချုပ် (UMFCCI) တို့နဲ့ မတ် ၂၂ ရက်မှာ ဆွေးနွေးခဲ့ပါတယ်။ စီချွမ်ပြည်နယ် လဲ့ရှီးမြို့နဲ့ မြန်မာနိုင်ငံအကြား စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနဲ့ ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်ဖို့ကိုလည်း ပါတီအတွင်းရေးမှူးနဲ့ မြို့တော်ဝန်တို့က စစ်ကောင်စီကောင်စစ်ဝန်ချုပ် ဦးဇော်လင်းဦးနဲ့ ဆွေးနွေးခဲ့ပါသေးတယ်။

## ယူနန်၊ ကွမ်ရှီး (ကျွမ့်)၊ စီချွမ် ပြည်နယ်များနှင့် စစ်ကောင်စီ ထိတွေ့ဆက်ဆံမှု မှတ်တမ်း

**မေ ၂၈၊ ၂၀၂၃**
ယူနန်ပြည်နယ်မှ ကိုယ်စားလှယ်များနှင့် စစ်ကောင်စီ ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးဝင်းဖေတို့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း နားလည်မှုစာချွန်လွှာများအတွက် တွေ့ဆုံ။

**မေ ၁၇၊ ၂၀၂၃**
စီချွမ်ပြည်နယ်၊ လဲ့ရှီးမြို့နှင့် မြန်မာနိုင်ငံကြား စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွား ပူးပေါင်းဆောင်ရွက်မှုများ အတွက် လဲ့ရှီးမြို့ ပါတီအတွင်းရေးမှူး မစ္စတာ မဘို (Mr. Ma Bo)၊ မြို့တော်ဝန် မစ္စတာ ချန်ဂေါင်ဟို (Mr. Chen Guanghao) နှင့် ချုံချင့်မြို့ စစ်ကောင်စီ ကောင်စစ်ဝန်ချုပ် ဦးဇော်လင်းဦးတို့ တွေ့ဆုံ။

**မေ ၆၊ ၂၀၂၃**
ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ကျင်းပသည့် အကြိမ် ၂၀ မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (CAEXPO) အတွက် ဒုတိယအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်တို့ တွေ့ဆုံဆွေးနွေး။

**မေ ၁-၃၊ ၂၀၂၃**
ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်နင် (Wang Ning) စစ်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးများနှင့် လာရောက်တွေ့ဆုံ။

**ဧပြီ ၂၃၊ ၂၀၂၃**
ယူနန်ပြည်နယ်၊ လင်ချန်းမြို့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မိတ်ဆက်ပွဲ ရန်ကုန်မြို့တွင် ကျင်းပ။

**ဧပြီ ၂၁၊ ၂၀၂၃**
ရှမ်းပြည်နယ် ချင်းရွှေဟော်မြို့နှင့် ယူနန်ပြည်နယ်၊ လင်ချန်းမြို့အကြား နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နယ်စပ်ဂိတ်များ ဖွင့်လှစ်ရေးကိစ္စများအတွက် လင်ချန်းမြို့ မြို့တော်ဝန် မစ္စတာတုကျန်းဟွေ (Mr. Du Jianhui) နှင့် စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးတို့ နေပြည်တော်တွင် တွေ့ဆုံ။

**ဧပြီ ၂၀၊ ၂၀၂၃**
နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်း စီမံကိန်းအတွက် ယူနန်ပြည်နယ်အစိုးရ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ကွန်မြူနစ်ပါတီ တွဲဖက်အတွင်းရေးမှူး မစ္စတာဝမ်ယူဘိုနှင့် စစ်ကောင်စီ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့ တွေ့ဆုံ။

**ဧပြီ ၁၈-၁၉၊ ၂၀၂၃**
တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ရေအားလျှပ်စစ်စီမံကိန်းနှင့် လေအားလျှပ်စစ် စီမံကိန်းများသို့ စစ်ကောင်စီ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ကိုယ်စားလှယ်အဖွဲ့က သွားရောက်လေ့လာ။


**ဧပြီ ၁၆၊ ၂၀၂၃**
ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လူကျိုးမြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးနှင့် စီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး။

**ဧပြီ ၉-၁၀၊ ၂၀၂၃**
တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ် ကုန်သွယ်မှုအတွက် ယူနန်ပြည်နယ်၊ တက်ဟုန်းခရိုင်၊ မန်စီမြို့တွင် သင်တန်းပေး။

**ဧပြီ ၇-၁၀၊ ၂၀၂၃**
ယူနန်ပြည်နယ်၊ တက်ဟုန်းခရိုင်ရှိ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ရွှေလီ၊ လုံချွမ်း၊ မန်စီမြို့များသို့ တရုတ်စီးပွားရေး ကုန်သည်ကြီးများအသင်း ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာ။

## ကုန်သွယ်ရေးစင်္ကြံ (ILSTC) နှင့် စီးပွားရေးစင်္ကြံ (CMEC) ပေါင်းစပ်ဖော်ဆောင်မှု

အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံ (ILSTC) သည် တရုတ်နိုင်ငံအနောက်ပိုင်းဒေသနှင့် အာဆီယံဒေသ အကြား ချိတ်ဆက်မည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစင်္ကြံတခု ဖြစ်သည်။ အဆိုပါစင်္ကြံအောက်တွင် အကောင်အထည်ဖော်ဆောင် နေသည့် စီမံကိန်းများ၏ နောက်ဆုံးအခြေအနေများနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) အကြား ပေါင်းစပ်ဖော်ဆောင် နေသည့် အခြေအနေများကို ဖော်ပြထားခြင်းဖြစ်သည်။




မှတ်ချက် - တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) စီမံကိန်းများအနက် မဟာဗျူဟာမြောက် စီမံကိန်းများအဖြစ် ISP-Myanmar က သတ်မှတ်ထားသည့် စီမံကိန်းများအား ယခုမြေပုံတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) နှင့် အပြည်ပြည်ဆိုင်ရာ ကုန်းတွင်း-ရေကြောင်းကုန်သွယ်ရေးစင်္ကြံ (ILSTC) အကြား ပေါင်းစပ်ဖော်ဆောင်မှု အခြေအနေများကို ထပ်မံဖော်ပြသွားမည်ဖြစ်သည်။

### အဆင့်မြင့်နည်းပညာသုံးနယ်စပ်ဂိတ်များ (Smart Border Gates)

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ အဆင့်မြင့်နည်းပညာသုံးနယ်စပ်ဂိတ်များ (Smart Border Gates) တည်ဆောက်ရန် အလုံးစုံစီမံချက်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ချမှတ်ခဲ့သည်။ ထိုစီမံချက်တွင် တရုတ်-မြန်မာ၊ တရုတ်-လာအို၊ တရုတ်-ဗီယက်နမ် နယ်စပ်ဂိတ်များကို စမတ်နယ်စပ်ဂိတ်အဖြစ် တည်ဆောက်မည်ဖြစ်ပြီး အခြေခံ အဆောက်အအုံများကို ဒစ်ဂျစ်တယ်အကူအညီဖြင့် အဆင့်မြှင့်တင်မည် ဖြစ်သည်။ တရုတ်-မြန်မာ နယ်စပ်ဂိတ်များအနက် ဝမ်တိန်-ရွှေလီ နယ်စပ်ဂိတ်၊ ကန်ပိုက်တီ-ထိန်ချုံး နယ်စပ်ဂိတ်၊ ချင်းရွှေဟော်-လင်ချန်း နယ်စပ်ဂိတ်တို့ကို အဆင့်မြင့်နည်းပညာသုံး နယ်စပ်ဂိတ်များအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်တွင် ယူနန်ပြည်နယ်၌ ပြုလုပ်သော ‘တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ အကျိုးပြုဗဟိုစင်တာတည်ဆောက်ရေး’ သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ အဆိုပါအဆင့်မြင့်နည်းပညာသုံး နယ်စပ်ဂိတ်များ တည်ဆောက်ရေးကို တရုတ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်နှင့် ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနတို့က ဦးဆောင်ပြုလုပ်မည်ဖြစ်သည်။

## ၃။ မြန်မာ့အရေး တရုတ်အစိုးရ၏ ချဉ်းကပ်မှုပုံစံသစ်

ဝန်ကြီးချုပ်လီချန်ဦးဆောင်တဲ့ တရုတ်နိုင်ငံတော်ကောင်စီသစ် ဖွဲ့စည်းမှုအပြီး တလကျော်အကြာမှာပဲ နိုင်ငံတော်ကောင်စီဝင်နဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း (Qin Gang) ဟာ မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။ ခရီးစဉ်မှာ စစ်ကောင်စီခေါင်းဆောင်တွေအပါအဝင် စစ်တပ်အကြီးအကဲဟောင်း၊ သမ္မတဟောင်းတို့နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ သူ့မတိုင်မီ နှစ်ပတ်လောက်အလိုမှာ တရုတ်ကွန်မြူနစ်ပါတီဘက်က ထိပ်တန်းအရာရှိ မစ္စတာဖန်ရှုဘင်လည်း တိတ်တဆိတ်လာရောက်ခဲ့ပါသေးတယ်။ ပြီးတော့မှ မစ္စတာချင်ကန်းရဲ့လူသိရှင်ကြား ခရီးစဉ် ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ အာဏာသိမ်း စစ်ခေါင်းဆောင် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ တရုတ်အစိုးရ အဖွဲ့ဝင်တွေထဲက ရာထူးမြင့် ထိပ်တန်းပုဂ္ဂိုလ်တဦးနဲ့ ပထမဆုံးအကြိမ် တွေ့ခွင့်ရလိုက်ခြင်းဖြစ်ပါတယ်။ ဒီခရီးစဉ်အတွင်း စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင် ▶

တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ နေပြည်တော်ခရီးစဉ်အပြီး
နိုင်ငံရေးအကျဉ်းသား ၂,၁၅၃ ဦးအား ပြန်လွှတ်

အလေးထားရမည့် ဒေတာအချက်အလက်များ အမှတ် - ၄၄ ➤

SCAN THIS CODE

တို့နဲ့ တွေ့ဆုံရာမှာ နိုင်ငံတကာစာမျက်နှာမှာ မြန်မာဘက်က ရပ်တည်ရေး၊ မြန်မာ့ပဋိပက္ခကို ညှိနှိုင်းမှုနဲ့ ဖြေရှင်းရေး၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်း ဖော်ဆောင်ရေး၊ ရိုဟင်ဂျာစစ်ဘေးရှောင်တွေ ပြန်လည်လက်ခံရေး စတဲ့အချက်တွေကို အလေးပေးဆွေးနွေးခဲ့ပါတယ်။ မစ္စတာချင်ကန်းအနေနဲ့ အငြိမ်းစားစစ်ခေါင်းဆောင် ဦးသန်းရွှေ၊ သမ္မတဟောင်း ဦးသိန်းစိန်တို့နဲ့ တွေ့တဲ့အခါ မျိုးဆက်အဆင့်ဆင့် တည်ဆောက်လာတဲ့ အိမ်နီးချင်း နှစ်နိုင်ငံအကြားက ဆွေမျိုးပေါက် ဖော်ဆက်ဆံရေး၊ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ပိုင်နက်တည်တံ့ခိုင်မြဲရေး၊ မြန်မာ့ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်တွေအပေါ် အဓိက ဆွေးနွေးခဲ့ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ မြန်မာ့နိုင်ငံရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေမှာ လက်လီနိုင်ငံရေးအခင်းအကျင်းကို အသင့်ပြင်ထားပြီး အိမ်နီးချင်းမူဝါဒအသစ်နဲ့ ထဲထဲဝင်ဝင် ပြန်လည်ချဉ်းကပ်လာပါတယ်။ **(အထိုင်သစ်ပြန်ချလာသော တရုတ်၏ မြန်မာ့အရေးမူဝါဒကို ISP On Point အမှတ်-၁၄ မှာ ရှုပါ။)** သတိပြုစရာတချက်ကတော့ မစ္စတာချင်ကန်းနဲ့ စစ်ကောင်စီဥက္ကဋ္ဌတို့ တွေ့ဆုံပြီး နောက်တရက် မေ ၃ ရက်မှာပဲ နိုင်ငံရေးအကျဉ်းသား ၂,၁၅၃ ဦးကို စစ်ကောင်စီက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့တာပါ။ ဒါဟာ အာဏာသိမ်းပြီးနောက် စစ်ကောင်စီက ကြေညာခဲ့တဲ့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ၁၂ ကြိမ်မှာ နိုင်ငံရေး အကျဉ်းသားတွေ ပါဝင်မှု ဒုတိယအများဆုံး အရေအတွက်ဖြစ်ပါတယ် **(အလေးထားရမည့် ဒေတာအချက်အလက်များ အမှတ်-၄၄ ကို ရှုပါ)**။ မစ္စတာချင်ကန်းဟာ နေပြည်တော် မသွားခင် တရုတ်-မြန်မာနယ်စပ်ကိုလည်း သွားရောက်ခဲ့ပြီး ရွှေလီမြို့ခံတွေနဲ့ တွေ့ခဲ့ပါတယ်။ ဒီလိုတွေ့ချိန်မှာ ရပ်ဝန်းလမ်းကြောင်းအစီအမံအောက်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းကို မြန်မာနိုင်ငံနဲ့ပေါင်းပြီး ဆက်လက်ဖော်ဆောင်ဖို့ လိုလားကြောင်း ပြောဆိုခဲ့ပါတယ်။ မစ္စတာချင်ကန်းရဲ့ ခရီးစဉ်ဟာ တရုတ်နိုင်ငံအနေနဲ့ နိုင်ငံတကာမျက်နှာစာမှာ မြန်မာဘက်ကနေ ရပ်တည်ကြောင်းပြသခြင်းဖြစ်တယ်လို့ စစ်ကောင်စီက ဖော်ကျူးပါတယ်။ ဒါပေမဲ့ တရုတ်ဘက်ကတော့ မြန်မာ့အချုပ်အခြာအာဏာကို လေးစားဖို့ကိုသာ နိုင်ငံတကာကို တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ မစ္စတာချင်ကန်းရဲ့နေပြည်တော်ခရီးစဉ်အပြီးမှာပဲ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organization - SCO) ရဲ့ ဆွေးနွေးဖက်နိုင်ငံအဖြစ် မြန်မာကိုခွင့်ပြုဖို့ စစ်ကောင်စီရဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ် ဦးမိုးကျော်အောင်နဲ့ SCO ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကျန်းမင် (Zhang Ming) တို့ လက်မှတ်ထိုးလိုက်ပါတယ်။ တဆက်တည်းမှာပဲ အိန္ဒိယအစိုးရကလည်း ရခိုင်ပြည်နယ်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းမှာ ပါဝင်တဲ့ စစ်တွေဆိပ်ကမ်းကို ဖွင့်လှစ်ကြောင်း မေ ၉ ရက်မှာ ကြေညာခဲ့ပါ

Shanghai Cooperation Organization (SCO)

■ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organization - SCO)

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် ဥရောပနှင့် အာရှနိုင်ငံများမှ နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းထားသော တရုတ်နိုင်ငံက ဦးဆောင်သည့် အဖွဲ့အစည်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ စတင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်ရှစ်နိုင်ငံတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျီကစ္စတန်၊ တာဂျီကစ္စတန်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ ပါဝင်သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဥဇဘက်ကစ္စတန်နိုင်ငံ၌ ကျင်းပခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ထိပ်သီးအစည်းအဝေး၌ မြန်မာနိုင်ငံအား ဆွေးနွေးဖက်နိုင်ငံအဖြစ် ဆုံးဖြတ်ခဲ့ပြီး ယခု မေ ၅ ရက်တွင် အတည်ပြုလက်မှတ်ထိုးပေးလိုက်ခြင်းဖြစ်သည်။

▸ တယ်။ အိန္ဒိယသမုဒ္ဒရာထွက်ပေါက်နဲ့ ပတ်သက်လို့ တရုတ်နဲ့ အိန္ဒိယအကြား အားပြိုင်မှုမှာ နိုင်ငံတကာက ဖယ်ကြဉ်ခြင်းခံထားရတဲ့ စစ်ကောင်စီဟာ တဖန် ပြန်လည်အရေးပါလာနိုင်ဖွယ် ရှိပါတယ်။

## ၄။ စစ်ကောင်စီ၏ ရွေးကောက်ပွဲအစီအစဉ်ထဲသို့ တရုတ်ကွန်မြူနစ်ပါတီ ကြားဝင်လာ

တရုတ်နိုင်ငံရဲ့ အစည်းအဝေးကြီးနှစ်ရပ်အပြီးမှာ တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တချို့က စစ်ကောင်စီကျင်းပဖို့စီစဉ်နေတဲ့ ရွေးကောက်ပွဲကို လာရောက်စနည်းနာကြပါတယ်။ ဖေဖော်ဝါရီပထမအပတ်အတွင်း ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ ကော်မတီအတွင်းရေးမှူး မစ္စတာဝမ်နင် (Wang Ning) နေပြည်တော်ကို လာရောက်ခဲ့ပြီး စီးပွားရေးဆိုင်ရာကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်။ မစ္စတာဝမ်နင်ဟာ စစ်ကောင်စီဥက္ကဋ္ဌနဲ့ တွေ့ဆုံခဲ့ပြီး သဘောတူညီချက်နဲ့ နားလည်မှုစာချွန်လွှာ ငါးခုကို စစ်ကောင်စီ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကိုကိုလှိုင်နဲ့ လက်မှတ်ထိုးခဲ့ပါတယ်။ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်ရေး၊ မြန်မာ-ယူနန် တိုက်ရိုက်လေကြောင်း ပြေးဆွဲရေးအပါအဝင် မြန်မာ ▸

နိုင်ငံနဲ့ ယူနန်ပြည်နယ်အကြား ချိတ်ဆက်ဆောင်ရွက်မယ့် ကိစ္စရပ်တွေကို စစ်ကောင်စီဥက္ကဋ္ဌနဲ့ ဆွေးနွေးခဲ့ပါတယ်။ **(ယူနန်ကိုကြားခံသည့် ချဉ်းကပ်မှုများကို ISP Explainer အမှတ်-၁ မှာ ရှုပါ။)**

တဖန် ဧပြီလဒုတိယပတ်က ဖြစ်ပွားခဲ့တဲ့ ပဇီကြီးရွာကို စစ်တပ်က လေကြောင်းတိုက်ခိုက်မှုအပြီး ကွန်မြူနစ်ပါတီရဲ့ နိုင်ငံတကာ ဆက်ဆံရေးဌာနက ညွန်ကြားရေးမှူးချုပ် မစ္စတာ ဖန်ရှုဘင် (Peng Xiubin) ကလည်း ရန်ကုန်နဲ့ နေပြည်တော်ကို လေးရက်တာခရီး လာရောက်ခဲ့ပါသေးတယ်။ သူ့ခရီးစဉ်မှာ အင်အားကြီးနိုင်ငံရေး ပါတီတချို့နဲ့သာတွေ့ခွင့်ရပြီး ရွေးကောက်ပွဲကော်မရှင်ရဲ့ ပါတီစိစစ်မှုအကြောင်းပြချက်ကြောင့် တိုင်းရင်းသားပါတီငါးခုကတော့ တွေ့ခွင့်မရခဲ့ပါဘူး။ ဒီတွေ့ဆုံမှုမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီရဲ့ အနာဂတ်အခန်းကဏ္ဍကို မေးမြန်းပြီး တရုတ်ကွန်မြူနစ်ပါတီရဲ့ အမြင်နဲ့သဘောထားတွေ ဆွေးနွေးခဲ့ပါတယ်။ ဒီလိုထိတွေ့ဆက်ဆံမှုတွေဟာ စစ်ကောင်စီကပြုလုပ်ဖို့ စီစဉ်နေတဲ့ ရွေးကောက်ပွဲနဲ့လည်း တိုက်ဆိုင်နေပါတယ်။ မတ် ၂၈ ရက်မှာ NLD အပါအဝင် အတိုက်အခံ နိုင်ငံရေးပါတီတချို့ကို စစ်ကောင်စီက ဖျက်သိမ်းခဲ့ပါတယ်။ ဒီလုပ်ရပ်ဟာ ပြုလုပ်သင့်တဲ့ကိစ္စမဟုတ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီက သဘောထားရှိတယ်လို့ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးအောင်ကြည်ညွန့်က ဆိုပါတယ်။ ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှာ ကျင်းပခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ နှစ် ၁၀၀ ပြည့်အခမ်းအနား ကျင်းပပြီးနောက်ပိုင်း နှစ်ဖက်ပါတီချင်း ဆက်သွယ်ရေးအရာရှိတွေနဲ့ ပုံမှန်ဆက်ဆံမှုရှိပြီး မြန်မာနိုင်ငံအရေးမှာ NLD ဟာ ချန်လှပ်ထားလို့မရတဲ့ အဖွဲ့အစည်းအဖြစ် တရုတ်ဘက်က ရှုမြင်ထားတယ်လို့ဆိုပါတယ်။ တဖက်မှာလည်း တရုတ်သံအမတ် မစ္စတာချန်းဟိုင်က မတ်လဆန်းမှာ စစ်ကောင်စီရဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ ဒုတိယအကြိမ်မြောက် သွားရောက်တွေ့ဆုံပြီး ရွေးကောက်ပွဲကျင်းပရေး ဆောင်ရွက်နေမှုတွေကို မေးမြန်းလေ့လာခဲ့ပါတယ်။

## ၅။ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ သုံးနိုင်ငံစစ်ဆင်ရေးဖြင့် တရုတ်နှိမ်နင်း

တရုတ်အစိုးရအဖွဲ့သစ်ဟာ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေ နှိမ်နင်းဖို့ မြန်မာနဲ့သာမက ထိုင်းအစိုးရနဲ့လည်း ပူးပေါင်းဆောင်ရွက်လာပါတယ်။ မြန်မာနိုင်ငံကိုမလာခင် တရုတ်-မြန်မာနယ်စပ်ကို သွားရောက်ခဲ့တဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်းရဲ့

- ခရီးစဉ်အတွင်းမှာလည်း နယ်စပ်ဖြတ်ကျော်မှုခင်းတွေ တားဆီးရေးဆောင်ရွက်ဖို့ တရုတ်လုံခြုံရေးအရာရှိတွေကို မှာကြားခဲ့ပါတယ်။

မြန်မာနိုင်ငံနယ်စပ်တကြောမှာ အခိုင်အမာ ခြေကုပ်ယူထားတဲ့ အွန်လိုင်း ရာဇဝတ်ဂိုဏ်းတွေဟာ တရုတ်နိုင်ငံသားတွေရဲ့အကျိုးစီးပွားကို ဖျက်ဆီးနေတဲ့အတွက် တရုတ်-မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းတိုက်ဖျက်ဖို့နဲ့ ပိတ်မိနေတဲ့ တရုတ်နိုင်ငံသားတွေကို အချိန်မီ ကယ်တင်ပေးဖို့ နေပြည်တော်ရောက်ချိန်မှာလည်း စစ်ကောင်စီကို ဖိအားပေးတောင်းဆိုခဲ့ပါတယ်။ နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးမှာ ပူးပေါင်းဆောင်ရွက်ဖို့ တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ထိုင်းနဲ့ မြန်မာ မှုခင်းရဲအရာရှိတွေကို မတ် ၂၀ ရက်မှာ သုံးနိုင်ငံအစည်းအဝေး ခေါ်တွေ့ခဲ့ပါသေးတယ်။ ဒီမတိုင်ခင်ကလည်း နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးမှာ တရုတ်အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်းကလည်း တိုက်တွန်းတာတွေ ရှိခဲ့ပါတယ်။ **(နိုင်ငံဖြတ်ကျော်မှုခင်းများ ကိုင်တွယ်ရန် ကြိုးပမ်းမှုကို Explainer အမှတ်-၁ မှာ ရှုပါ။)** အဲဒါတွေနဲ့ ဆက်စပ်နေပါလိမ့်မယ်၊ လားရှိုးမြို့မှာ ပြစ်မှုများစွာကျူးလွန်ခဲ့တဲ့ တရုတ်လူမျိုးလေးဦးကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (ကိုးကန့်) (MNDAA) က ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက သေဒဏ်စီရင်ခဲ့ပါတယ်။

စစ်ကောင်စီကလည်း မေ ၆-၇ ရက်နောက်ပိုင်း လားရှိုးမြို့နဲ့ တာချီလိတ်မြို့တွေကို ပဲ့သန်းမယ့် ပြည်တွင်းလေကြောင်းခရီးစဉ်တွေမှာ သံရုံး၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အန်ဂျီအိုအဖွဲ့ ဝန်ထမ်းတွေကလွဲပြီး နိုင်ငံခြားသားတွေကို စီးနင်းခွင့် ပိတ်ပင်လိုက်ပါတယ်။ ဒါ့အပြင် နည်းပညာအလွဲသုံးစားလုပ်ပြီး ကျူးလွန်တဲ့ လူကုန်ကူးမှုတွေကို တိုက်ဖျက်ဖြိုခွင်းသွားမယ့်အကြောင်းပြီးခဲ့တဲ့ထိပ်သီးအစည်းအဝေးမှာအာဆီယံခေါင်းဆောင်တွေက ပထမဦးဆုံး ကတိပြုခဲ့ကြပါတယ်။

မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသ ထိုင်း-မြန်မာ နယ်စပ်တလျှောက်မှာလည်း တရားဥပဒေစိုးမိုးမှု လျော့ရဲနေပြီး နယ်စပ်ဖြတ်ကျော် ဒုစရိုက်ဂိုဏ်းတွေက ဒေသတွင်းနိုင်ငံတွေရဲ့ လူသားလုံခြုံရေးကိုပါ ခြိမ်းခြောက်နေပါတယ်။ တချိန်တည်းမှာလည်း ကရင်အမျိုးသားနိုင်ငံရေးနဲ့ ညီညွတ်ရေးအပေါ်လည်း ဂယက်ရိုက်လာပါတယ်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နဲ့ ကရင်နယ်ခြားစောင့်တပ် (BGFs) တွေရဲ့ ထိန်းချုပ်နယ်မြေထဲမှာ တရုတ်မြို့သစ်စီမံကိန်းနဲ့အတူ နိုင်ငံဖြတ်ကျော် ဒုစရိုက်ဂိုဏ်းတွေလည်း အခြေ

တည် ကျက်စားလာကြပါတယ်။ တရားမဝင်လုပ်ငန်းတွေနဲ့ ပတ်သက်နေတဲ့ KNU ခေါင်းဆောင်တချို့ကို အရေးယူပေးဖို့ KNU မူကြော်ခရိုင် တပ်မဟာ-၅ က မေ ၈ ရက်မှာ တောင်းဆိုခဲ့သလို ယခင် ဗဟိုအလုပ်အမှုဆောင်တဖွဲ့လုံး နုတ်ထွက်ပေးဖို့အထိ ကမ္ဘာတဝန်းက ကရင်အဖွဲ့အစည်း ၆၈ ခုက ဖေဖော်ဝါရီ ၂၃ ရက်မှာ အိတ်ဖွင့်ပေးစာ ပေးပို့တောင်းဆိုခဲ့ပါသေးတယ်။

KNU အနေနဲ့ တရားမဝင် စီးပွားရေးလုပ်ငန်း စီမံကိန်းတွေနဲ့ လုံးဝပတ်သက်ခြင်း မရှိကြောင်းနဲ့ ဒီလုပ်ငန်းတွေနဲ့ပတ်သက်ပြီး 'လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့' ဖွဲ့စည်းသွားမယ်လို့ ၁၇ ကြိမ်မြောက် KNU ကွန်ဂရက်အပြီး အသစ်ဖွဲ့လိုက်တဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီက မေ ၅ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအခြေအနေတွေကြားထဲမှာ တရုတ်နိုင်ငံအနေနဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်ဂိုဏ်းတွေကိုနှိမ်နင်းဖို့ သူ့အိမ်နီးချင်းတွေကို ပိုပြီးတွန်းအားပေးလာတာ ဖြစ်ပါတယ်။ ■

ရည်ညွှန်း

မင်္ဂလာ၊ (ဧပြီ ၂၃၊ ၂၀၂၃)။ တရုတ်နိုင်ငံ လင်ချန်း-ချင်ရွှေဟော် မီးရထားသည် ပဏာမအခြေခံတည်ဆောက်မှုအဆင့်သို့ တရားဝင် ရောက်ရှိလာပြီဖြစ်။ https://www.facebook.com/100063494469918/posts/pfbid02mvM1JN4ntr6XgxeVNwthyVP6dYYH8XKN2NHrjAnEAYvE4Mf1W6Vo9XPFmFvdhBF7l/?mibextid=cr9u03

Karen Information Center. (2023, February 24). KNU ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဖွဲ့လုံး နုတ်ထွက်ပေးရန် ကရင်လူ့အဖွဲ့အစည်းများ တောင်းဆို။ ကေအိုင်စီ - KIC News. https://kicnews.org/2023/02/knu-ဗဟိုအလုပ်အမှုဆောင်ကော/

Ministry of Foreign Affairs. (2023, May 3). Qin Gang: China Hopes Myanmar Will Crack Down on Internet Fraud. Ministry of Foreign Affairs, the People's Republic of China. https://www.fmprc.gov.cn/mfa_eng/wjb_663304/wjbz_663308/activities_663312/202305/t20230504_11070146.html

Myanmar Digital News. (မတ် ၂၄၊ ၂၀၂၃)။ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တရုတ်နိုင်ငံ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ် စီမံကိန်းများကြည့်ရှုလေ့လာ။ MDN - Myanmar DigitalNews. https://www.mdn.gov.mm/my/pnnytheaangcuwnkii-uuseaanghn-ttruttniungngn-reaaalpcc-leaaalpcc-ciimnkinmaaknnyrulelaa

NP News. (ဧပြီ ၂၁၊ ၂၀၂၃)။ အငြိမ်းစားဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် သမ္မတဟောင်း ဦးသိန်းစိန်တို့အား တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံတကာဆက်ဆံရေးညွှန်ချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ။ https://npnewsmm.com/news/64428571e789d312b14d48d3

VOA Burmese. (၂၀၂၃၊ ဧပြီ ၉)။ NLD ကိုဖျက်သိမ်းမှု တရုတ်အစိုးရတောင် လက်မခံကြောင်း ပါတီခေါင်းဆောင်တွေပြော။ ဗွီအိုအေ။ https://burmese.voanews.com/a/democray-forum-with-uaungkyinyunt-on-nld-and-military-regime/7042654.html

ပြန်ကြားရေးဝန်ကြီးဌာန၊ ( ဧပြီ ၃၊ ၂၀၂၃)။ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဝမ်နင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘော ခရီးစဉ်ရောက်ရှိ။ https://myanmar.gov.mm/news-media/news/latest-news

ပြန်ကြားရေးဝန်ကြီးဌာန၊ (ဧပြီ ၃၊ ၂၀၂၃)။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H. E. Mr. Wang Ning အား လက်ခံတွေ့ဆုံ။ https://myanmar.gov.mm/news-media/news/latest-news

ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ (မေ ၅၊ ၂၀၂၃)။ ရာဇဝတ်မှုများနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများအပေါ် KNU- ကရင်အမျိုးသား အစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်။ https://knuhq.org/admin/resources/statements/pdf/17th%20KNU%20Statement%20of%20Blcck%20Eco%20(Bur)%20Final_20230505.pdf

中华人民共和国外交部. (2023a, May 3). 秦刚会见缅甸前国家和平与发展委员会主席丹瑞. https://www.fmprc.gov.cn/wjbzhd/202305/t20230503_11069520.shtml

中华人民共和国外交部. (2023b, May 3). 缅甸领导人敏昂莱会见秦刚. https://www.fmprc.gov.cn/wjbzhd/202305/t20230503_11069518.shtml

开屏新闻. (2023, March 15). 总投资6.12亿元！瑞丽国际陆港新城首批项目开工. https://www.ccwb.cn/web/info/20230315202940YQ1049.html

果敢资讯网. (2023, May 2). 第一特区政府依法对腊戌一犯罪团伙进行公判. http://kokang123.com/forum.php?mod=viewthread&tid=67199&highlight=%B5%DA%D2%BB%CC%D8%C7%F8%D5%FE%B8%AE%D2%C0%B7%A8%B6%D4%C0%B0%D0%E7%D2%BB%B7%B8%D7%EF%CD% C5%BB%EF%BD%F8%D0%D0%B9%AB%C5%D0

China International Development Cooperation Agency. (2023, May 16). CIDCA spokesperson: China willing to provide emergency disaster relief assistance to cyclone-hit countries, including Myanmar. http://en.cidca.gov.cn/2023-05/16/c_886274.htm

Chinese Embassy in Myanmar. (မေ ၁၆၊ ၂၀၂၃)။ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အပြန်အလှန်ကူညီဖေးမပေး။ https://www.facebook.com/paukphawfriendship/posts/pfbid02Q6cWDGEnSSpfQddixbxYb2g6dr21h5xzqMeoqZJXxHX9njXDzkaG93vvDRqz8mKXl

People's Spring. (မေ ၃၊ ၂၀၂၃)။ မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ စစ်ကောင်စီ၌မရှိဟု NUG က တရုတ်နိုင်ငံကို အသိပေး။ https://www.facebook.com/LuduNwayOo/posts/pfbid0261RycEVwbHGXc3JgWzxX27Pr2qS1qxqnYxN5CXz5k38SALez6gtVXrK17xbeNqmRl

စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ၊ (မေ ၁၀၊ ၂၀၂၃)။ မြန်မာ့အလင်း၊ စာမျက်နှာ ၃။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202